# ꩜ ရာဂစရိုက် (ရာဂအဖြစ်များသူတို့အတွက်) ကျင့်နည်း ꩜

(သမ္မာပရိဗ္ဗာဇနိယသုတ်၊ သုတ္တနိပါတ်၊ ၃၅၅၊ ၄၊ ၁၄၄)

☸ ကာမဂုဏ်ပယ်ခွါ တောထွက်လာ ကောင်းစွာဘယ်သို့ကျင့်မည်နည်း?

လောကီမင်္ဂလာ စွန့်ပယ်ခွါ ကောင်းစွာကျင့်ရသည်။

လူ့ပြည်ကာမ နတ်ကာမ ရာဂပယ်ရမည်။

တရားသိလင်း ဘဝကင်း သန့်ရှင်းကောင်းစွာနေရမည်။

ကုန်းချောစကား ကျောပေးထား မျက်ပွါးဝန်တို ပယ်ရမည်။

လိုက်လျော ဆန့်ကျင် စွန့်ပယ်လျှင် လူတွင်ကောင်းစွာနေရသည်။

ချစ်မုန်းပယ်ပြီ မစွဲမှီ ချည်နှောင်ရာများ လွတ်ရမည်။

သို့ဖြစ်ပါလျှင် လောကတွင် ကြည်လင်ကောင်းစွာနေရသည်။

ဥပဓိတွင် နှစ်မမြင် ထိုတွင် မမက်ပြီ။

မှီတွယ်ကင်းစင် ကိုယ်တိုင်ပင် သိမြင်ကောင်းစွာ နေရသည်။

ကိုယ်, နှုတ်, စိတ် ဖြင့် လျှော်စွာကျင့် သိသင့်တရား သိသွားပြီ။

ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သာ စိတ်မှာတောင့်တ လိုလားသည်။

သို့ဖြစ်ပါလျှင် လောကတွင် ကြည်လင်ကောင်းစွာနေရသည်။

ရှိခိုးခံရ မတက်ကြွ ဆဲကြသော်လည်း ဒေါသ,မဖြစ်ပြီ။

သူများလှူကြ ပစ္စည်းရ မာနယစ်ခြင်း ကင်းရာသည်။

သို့ဖြစ်ပါလျှင် လောကတွင် ကြည်လင်ကောင်းစွာနေရသည်။

လောဘတတန် ဖြစ်ကြောင်းကံ ပယ်လှန်ကင်းရမည်။

ဖြတ်, နှောင်ကြဉ်ကာ ယုံမှားတာ ပြောင့်ပါ လုံးဝကင်းရမည်။

ကိုယ်နှင့်လျော်တာ သိပြီးကာ သူ့မှာညှဉ်းဆဲကင်းရမည်။

သစ္စာလေးတန် တရားမှန် ကေန်သိရမည်။

ဖြစ်ခွင့်ရှိက နုသယ လုံးဝ မရှိပြီ။

အကုမြစ်ရင်း နှုတ်ပယ်ရှင်း လိုခြင်း တောင့်တမရှိပြီ။

အာသဝေါ ကုန်ရှင်း မာနကင်း တပ်ခြင်း လမ်းကို ကျော်လွန်ပြီ။

နူးညံ့ယဉ်ကျေး ကိလေဘေး ငြိမ်းအေးစိတ်လဲ တည်တံ့သည်။

သဒ္ဓါသုတ ပြည့်စုံရ မဂ္ဂကိုလဲ သိမြင်သည်။

အယူချင်းကွဲ လူတွေထဲ ယူစွဲ မဝင်ပြီ။

လောဘ ဒေါသ ပဋိဃ ပယ်ချ ကင်းစေပြီ။

စင်ကြယ်မဂ်ဖြင့် အောင်နိုင်လင့် ဝဋ်နှင့်ဖုံးကွယ်ကင်းလေပြီ။

တရားတွေမှာ ပိုင်နိုင်စွာ တဏှာကင်းပျောက် ကမ်းသို့ရောက်လေပြီ။

အတိတ်ကြောင်းရာ နာဂတ်မှာ ရမ်းကာတွေးလွန်ပြီ။

ဉာဏ်စင်ကြယ်က အာယတန လုံးဝလွတ်မြောက်ပြီ။

သစ္စာလေးအင် သိပြီးလျှင် မဂ်တွင်ပြိုင်တူ သိလေပြီ။

နိဗ္ဗာန်မြင်ကာ လေးသစ္စာ မဂ်မှာပြိုင်တူ သိလေပြီ။

အာသဝများ ကင်းရှင်းသွား ထင်ရှားဆင်ခြင် သိလေပြီ။

လေးဥပမိ ကုန်လေဘိ ကပ်ငြိတွယ်တာ ကင်းလေပြီ။

သို့ဖြစ်ပါလျှင် လောကတွင် ကြည်လင်ကောင်းစွာနေရသည်။

မြတ်စွာဗုဒ္ဓ ဟောညွှန်ပြ မုချကေန်မှန်ပေသည်။

ညွှန်တိုင်းကျင့်ကာ နေသူမှာ ကောင်းစွာယဉ်ကျေးသည်။

ယောဂလေးအင် သံယောဇဉ် ကင်းစင်လွတ်မြောက်သည်။

သို့ဖြစ်သူဟာ လောကမှာ ကောင်းစွာကျင့်သုံးနေရသည်။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ်  - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org